စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
စီမံကိန်းဦးစီးဌာန

# စိုက်ပျိုးစီးပွားသတင်းလွှာ

အမှတ်စဉ် ( ၇/ ၂၀၂၃) ၂၀၂၃ ခုနှစ်၊ ဇွန်လ(၈) ရက်

| ၈-၆-၂၀၂၃ | |
|---|---|
| ငွေကြေး အမျိုးအစား | ငွေလဲလှယ်နှုန်း (ကျပ်) |
| ဒေါ်လာ | ၂၁၀၀.၀ |
| ယူရို | ၂၂၅၂.၅ |
| စင်္ကာပူဒေါ်လာ | ၁၅၅၈.၅ |
| စတာလင်ပေါင် | ၂၆၁၅.၄ |
| ဂျပန်ယန်း (၁၀၀) | ၁၅၀၁.၈ |
| တရုတ်ယွမ် | ၂၉၄.၅၁ |
| ဟောင်ကောင် ဒေါ်လာ | ၂၆၇.၉၇ |
| အိန္ဒိယရူပီး | ၂၅.၄၃၉ |
| ကိုရီးယားဝမ် (၁၀၀) | ၁၆၁.၀၁ |
| မလေးရှား ရင်းဂစ် | ၄၅၄.၆၉ |
| ဖိလစ်ပိုင်ပီဆို | ၃၇.၄၃၄ |
| ထိုင်းဘတ် | ၆၀.၂၅၈ |
| ဗီယက်နမ်ဒေါင် (၁၀၀) | ၈.၉၃၈၁ |


လယ်ယာစီးပွားနှင့်
ကုန်သွယ်မှုဌာနခွဲ၊
စီမံကိန်းဦးစီးဌာန
ရုံးအမှတ် (၁၅)
ဖုန်း-၀၆၇-၃၄၁၀၆၈၄
Email-
misdop.moali@gmail.com


## သတင်းခေါင်းစဉ်များ

- **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေထွက်ပစ္စည်းဆိုင်ရာသတင်းများ**
  - ကမ္ဘောဒီးယားနိုင်ငံမှ သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိ
  - ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်မှ အာလူးအစိမ်းတင်သွင်းမှုအပေါ် တားမြစ်ထားခြင်းအား ပယ်ဖျက်နိုင်ရေး အမေရိကန် ကြိုးပမ်းသွားမည်
- **အထွေထွေသတင်းများ**
  - ဂျပန်နိုင်ငံအနေဖြင့် Generative AI အသုံးပြုမှုကို မြှင့်တင်သွားမည်
  - ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုမှာ ၃ လအတွင်း ပထမဆုံးအကြိမ်ကျဆင်း
  - တတိယအကြိမ်တရုတ်-အာဖရိကကုန်စည်ပြပွဲကို တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ် မြို့တော်ချန်ရှားတွင် ကျင်းပမည်
  - စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (Food Price Index )

## ကမ္ဘောဒီးယားနိုင်ငံမှ သဘာဝအတိုင်းဖမ်းဆီးရရှိသောရေထွက်ကုန်များကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိ

ကမ္ဘောဒီးယားနိုင်ငံမှ သဘာဝအတိုင်းဖမ်းဆီးရရှိသောရေထွက်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့ရန် တရားဝင်ခွင့်ပြုချက်ရရှိပြီဖြစ်ကြောင်း ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာတရုတ်သံရုံးက (၃၁-၅-၂၀၂၃) ရက်နေ့တွင် ထုတ်ပြန်ခဲ့ကြောင်း သိရှိရပါသည်။

အဆိုပါထုတ်ပြန်ချက်အရ တရုတ်နိုင်ငံ၊ အကောက်ခွန်အထွေထွေအုပ်ချုပ်မှုအာဏာပိုင်အဖွဲ့သည် ပြည်ပမှတင်သွင်းသည့် စားသောက်ကုန်ထုတ်လုပ်သူများ၏ မှတ်ပုံတင်ခြင်းဆိုင်ရာ အချက်အလက်များကို မကြာသေးမီက ထပ်မံထုတ်ပြန်ခဲ့ရာ ကမ္ဘောဒီးယားနိုင်ငံမှ သဘာဝအတိုင်းဖမ်းဆီးရရှိသောရေထွက်ပစ္စည်းများကို တရုတ်နိုင်ငံသို့တင်ပို့ရန် နောက်ဆုံးလုပ်ငန်းစဉ်များကို ပြီးစီးပြီဖြစ်ကြောင်း ဖော်ပြထားသည်ဟု သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများကိုလက်ရှိတွင်တရုတ်နိုင်ငံသို့ တင်ပို့နိုင်ပြီဖြစ်ပြီး ကမ္ဘောဒီးယားနိုင်ငံမှ သွင်းကုန်ပို့ကုန်နှင့် နိုင်ငံတကာသယ်ယူပို့ဆောင်ရေးလုပ်ငန်းဆောင်ရွက်သည့် Kim Chou Co Ltd အား တရုတ်နိုင်ငံသို့ သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများကိုတင်ပို့ရန် ခွင့်ပြုလိုက်ပြီဖြစ်သည်ဟု အဆိုပါထုတ်ပြန်ချက်တွင် ဖော်ပြထားကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံမှ သဘာဝအတိုင်းဖမ်းဆီးရရှိသော ပုစွန်၊ ငါး၊ ငါးရှဉ့် နှင့် မြစ်ခရု အပါအဝင် သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်း (၁၂)မျိုးကို တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ပြုထားကြောင်း သိရှိရပါသည်။ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလတွင် တရုတ်နှင့် ကမ္ဘောဒီးယားနိုင်ငံတို့သည် ကမ္ဘောဒီးယားမှ သဘာဝအတိုင်းဖမ်းဆီးရရှိသောရေထွက်ပစ္စည်းများကို တရုတ်နိုင်ငံသို့ တင်ပို့ခြင်းအတွက် တိရစ္ဆာန်ပိုးမွှားကင်းစင်ရေးသတ်မှတ်ချက်များဆိုင်ရာ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြကြောင်း သိရှိရပါသည်။

ကမ္ဘောဒီးယားနိုင်ငံ စိုက်ပျိုးရေး၊ သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန၏ လက်ထောက်အတွင်းဝန်နှင့် ပြောရေးဆိုခွင့်ရှိသူ Im Rachna က ကမ္ဘောဒီးယားမှ သဘာဝအတိုင်းဖမ်းဆီးရရှိသောရေထွက်ပစ္စည်းများသည် တရုတ်စားသုံးသူများကြားတွင် ရေပန်းစားလာမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်ဟု သိရှိရပါသည်။

ယခုကဲ့သို့ တင်ပို့ခွင့်ရရှိခြင်းသည် ကမ္ဘောဒီးယားငါးလုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုအတွက် အောင်မြင်မှုအသစ်တစ်ခုဖြစ်ပြီး ကမ္ဘောဒီးယားမှ သဘာဝအတိုင်းဖမ်းဆီးရရှိသော ရေထွက်ပစ္စည်းများကို မကြာမီတရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြင့် ကမ္ဘောဒီးယား-တရုတ် ကုန်သွယ်မှုပမာဏကိုမြှင့်တင်

Agribusiness & Trade

ပေးနိုင်ရုံသာမက ရေလုပ်သားများ၏ အသက်မွေးဝမ်းကြောင်းကိုပါ မြှင့်တင်ပေးမည်ဖြစ်ကြောင်း Im Rachna က Xinhua သတင်းဌာနသို့ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ငရုတ်ကောင်းပြီးနောက် သဘာဝအတိုင်းဖမ်းဆီးရရှိသောရေထွက်ပစ္စည်းများသည် ယခုနှစ်အတွင်း တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိသည့် ကမ္ဘောဒီးယားနိုင်ငံ၏ ဒုတိယမြောက် စိုက်ပျိုးရေးထွက်ကုန်ဖြစ်ကြောင်းလည်း သိရှိရပါသည်။

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

## ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်မှ အာလူးအစိမ်းတင်သွင်းမှုအပေါ် တားမြစ်ထားခြင်းအား ပယ်ဖျက်နိုင်ရေး အမေရိကန် ကြိုးပမ်းသွားမည်

ဂျပန်အစိုးရအနေဖြင့် အမေရိကန်မှ အာလူးအစိမ်းဝယ်ယူပေးနိုင်ရေး တိုက်တွန်းပေးရန်အတွက် အမေရိကန်နိုင်ငံ၊ **Idaho** ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်အမတ် ၃၁ ဦးက လက်မှတ်ရေးထိုးကာ ၂၀၂၃ ခုနှစ် မေလ ၁၁ ရက်နေ့တွင် အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနသို့ စာရေးသားပေးပို့ခဲ့ကြောင်း ဖော်ပြထားပါသည်။ အဆိုပါစာတွင် ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်နိုင်ငံမှ အာလူးအစိမ်းတင်ပို့မှုကို တရားဝင်ပိတ်ပင်ခွင့် မရှိကြောင်းလည်း ဖော်ပြထားပါသည်။

ဂျပန်နိုင်ငံသည် အမေရိကန်နိုင်ငံအတွက် အေးခဲအာလူးအများဆုံးတင်ပို့ရသည့်နိုင်ငံ ဖြစ်သော်လည်း အမေရိကန်မှ အာလူးအစိမ်းတင်ပို့မှုကို ဂျပန်နိုင်ငံမှ တားမြစ်ထားကြောင်းနှင့် အမေရိကန်မှ အာလူးအစိမ်းကို ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ရေးအတွက် ရာစုနှစ်ပေါင်းများစွာ ညှိနှိုင်းဆောင်ရွက်ခဲ့သော်လည်း အားလူးအစိမ်းကို ဂျပန်နိုင်ငံသို့ တင်ပို့နိုင်ခြင်းမရှိသေးကြောင်း ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ်တွင် အမေရိကန်နိုင်ငံ၏ အားလူးတင်ပို့ရောင်းချနိုင်မှုမှာ အမေရိကန်ဒေါ်လာ ၂.၁ ဘီလီယံထိ စံချိန်တင် ရောက်ရှိခဲ့ကြောင်း၊ အကယ်၍ ဂျပန်နိုင်ငံမှ အာလူးအစိမ်းဝယ်ယူ မည်ဆိုပါက အမေရိကန်ဒေါ်လာ သန်း ၁၅၀ ပိုမိုရရှိနိုင်မည် ဖြစ်ကြောင်း အမေရိကန် **National Potato Council** က ထုတ်ပြန်ထားပါသည်။ အမေရိကန်နိုင်ငံအနေဖြင့် လက်ရှိတွင် အင်ဒို-ပစိဖိတ်နိုင်ငံများဖြစ်သော တောင်ကိုရီးယား၊ ထိုင်ဝမ်၊ ဟောင်ကောင်၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့သို့ အာလူးအစိမ်းတင်ပို့ရောင်းချလျက် ရှိကြောင်း၊ **Idaho Potato Commission** ၏ အချက်အလက်များအရ ပြည်နယ်မှထွက်ရှိသည့် အာလုံး၏ ၅ ပုံ ၁ ပုံမှာ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အများဆုံးတင်ပို့ရောင်းချလျက်ရှိသည့် နိုင်ငံများမှာ ကနေဒါ၊ မက်ဆီကို၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့ဖြစ်ကြောင်း ဖော်ပြထားပါသည်။

Agribusiness & Trade

ဂျပန်နိုင်ငံအနေဖြင့် ပြည်တွင်းအာလူးထုတ်လုပ်သည့် တောင်သူများကို ကာကွယ်နိုင်ရန်နှင့် အမေရိကန်မှတင်သွင်းလာမည့် အာလူးများတွင် ပိုးမွှားနှင့် ရောဂါကင်းရှင်းစေမှု သေချာစေရေး အတွက် စစ်ဆေးရန် လိုအပ်ချက်ရှိသည်ဟူသော အကြောင်းပြချက်များဖြင့် ထိုသို့ ပိတ်ပင်ထားခြင်း ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ဂျပန်နိုင်ငံအနေဖြင့် အမေရိကန်၏ အာလူးအစိမ်းကို **"Pest Risk Assessment"** စစ်ဆေးနိုင်ရေးအတွက် သဘောတူထားပြီးဖြစ်သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့် လျက်ရှိကာ အချိန်ဆွဲ၍ ဆောင်ရွက်နေကြောင်း ဖော်ပြထားပါသည်။

အမေရိကန်နိုင်ငံ၏ အာလူးအစိမ်းတင်ပို့မှုကို ဂျပန်နိုင်ငံသာမက မက်ဆီကိုနိုင်ငံကလည်း တားမြစ်ခဲ့ဘူးပြီး ၂၅ နှစ်ကြာ ကုန်သွယ်ရေးပဋိပက္ခဖြစ်ပွားပြီးနောက် ၂၀၂၂ ခုနှစ်တွင် မက်ဆီကို နိုင်ငံက အမေရိကန်မှ အာလူးအစိမ်းတင်ပို့မှု ကန့်သတ်ချက်ကို ပယ်ဖျက်ပေးခဲ့ကြောင်း၊ စာချုပ် အသစ်အရ **Idaho** ပြည်နယ်မှ မက်ဆီကိုသို့ အာလူးအစိမ်းများကို တင်ပို့နိုင်မည် ဖြစ်သည့်အတွက် နှစ်အနည်းငယ်အတွင်း မက်ဆီကို ဈေးကွက်သို့ ချဲ့ထွင်ကာ အမေရိကန်ဒေါ်လာ သန်း ၂၅၀ ရရှိနိုင် ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ **Idaho** ပြည်နယ်မှ အာလူးများကို ဂျပန် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်မည်ဆိုပါက **Idaho** ပြည်နယ်မှ အာလူးများ ဝယ်လိုအား ပိုမိုရရှိလာ ကာ ပြည်နယ်ရှိ တောင်သူများအတွက် အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း ပြောကြားထားပါ သည်။

ဂျပန်နိုင်ငံသို့ အမေရိကန်နိုင်ငံမှ အာလူးအစိမ်းတင်ပို့နိုင်ရေးအတွက် ၂၀၁၈ ခုနှစ်တွင် တရား ဝင်အကြောင်းကြားစာ ပေးပို့ခဲ့ဘူးကြောင်း၊ အမေရိကန်နိုင်ငံမှ အာလူးအစိမ်း တင်ပို့နိုင်ခြင်း မရှိ သည့်နိုင်ငံသို့ အမေရိကန်မှ တောင်သူများက တင်ပို့လိုပါက အဆိုပါနိုင်ငံသို့ တရားဝင် အကြောင်း ကြားစာပေးပို့သွားမည် ဖြစ်ကြောင်းနှင့် အဆိုပါနိုင်ငံ၏ စည်းမျဉ်းစည်းကမ်းများနှင့် ကိုက်ညီစေရေး အတွက် လိုအပ်သည့် သိပ္ပံနှင့်နည်းပညာဆိုင်ရာ သတင်းအချက်အလက်များကို အမေရိကန်နိုင်ငံ အနေဖြင့် ပံ့ပိုးပေးသွားမည်ဖြစ်ကြောင်း အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားထားပါ သည်။

ဂျပန်ဈေးကွက်သို့ ဝင်ရောက်ခွင့်ရရှိရေးအတွက် လိုအပ်သည့်စစ်ဆေးမှုများပြုလုပ်၍ ဂျပန် နိုင်ငံသို့ အာလူးအစိမ်းများ တင်ပို့ခွင့်ရရှိပါကလည်း တင်ပို့သည့် အာလူးအစိမ်းများတွင် ပိုးမွှားကင်း ရှင်းစေရေး လိုအပ်သည့်ဆောင်ရွက်မှုများကို အမေရိကန်စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် ဆောင် ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားထားပါသည်။

Source: https://sourcenm.com

သူဇာဖြိုး၊ စီးပွားရေးသံမှူး
တိုကျို

Agribusiness & Trade

## ဂျပန်နိုင်ငံအနေဖြင့် Generative AI အသုံးပြုမှုကို မြှင့်တင်သွားမည်

ဂျပန်အစိုးရအနေဖြင့် Generative AI အသုံးပြုမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များ ဖြစ်သော လျှို့ဝှက်သတင်းအချက်အလက်များ ပေါက်ကြားခြင်းနှင့် မူပိုင်ခွင့်ဆိုင်ရာ အခွင့်အရေး များ ချိုးဖောက်ခြင်းများ မရှိစေရေးဆောင်ရွက်ခြင်းဖြင့် Generative AI ဖွံ့ဖြိုးစေရေးအတွက် ပြည် တွင်း၌ စွမ်းဆောင်ရည်များ ပိုမိုအားကောင်းလာစေရေးနှင့် Generative AI အသုံးပြုမှုကို မြှင့်တင် နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Integrated Innovation Strategy (2023) တွင် ဖော်ပြ ထားပါသည်။

ဂျပန်နိုင်ငံ၏ လုံခြုံရေးဆိုင်ရာကဏ္ဍများတွင် နည်းပညာအသုံးပြုမှု ပိုမိုအားကောင်းလာ စေရေးအတွက် ဆောင်ရွက်သွားမည့် မူဝါဒများအပါအဝင် နည်းပညာဆိုင်ရာတီထွင်ဆန်းသစ်မှုကို မြှင့်တင်နိုင်ရေးအတွက် အစိုးရအနေဖြင့် အဆိုပါမဟာဗျူဟာကို ချမှတ်ရခြင်းဖြစ်ကြောင်းနှင့် Integrated Innovation Strategy မှာ နှစ်စဉ်ထုတ်ပြန်သည့် မဟာဗျူဟာဖြစ်ကြောင်း ဖော်ပြထား ပါသည်။

Chat GPT ကဲ့သို့သော Generative AI သည် စာသားများ၊ ပုံရိပ်များ အစရှိသည်တို့ကို အလိုအလျောက်ထုတ်ပေးနိုင်ပြီး လုပ်ငန်းစဉ်များစွာ၏ စွမ်းဆောင်ရည်ကို မြှင့်တင်ပေးနိုင်မည် ဖြစ် ကြောင်း မျှော်မှန်းထားပါသည်။ သို့သော် ခေတ်မီနည်းပညာများဖြင့် ဆိုက်ဘာတိုက်ခိုက်မှုများ၊ သတင်းအချက်အလက်အမှားများ ဖြစ်ပေါ်စေနိုင်ပြီး လူမှုခြိမ်းခြောက်မှုအန္တရာယ်များလည်း ဖြစ်ပေါ် နိုင်ကြောင်း ဖော်ပြထားပါသည်။

ဉာဏ်ရည်တု(Artificial Intelligence)နှင့် ဆက်စပ်၍ ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များကို နိုင်ငံတကာနှင့်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ကာ ဆောင်ရွက်သင့်သည့် လုပ်ငန်းစဉ်များကိုလည်း လေ့လာဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၂ ခုနှစ်၊ ဒီဇင်ဘာလ၌ အစိုးရအဖွဲ့က အတည်ပြုခဲ့သည့် National Security Strategy ကို အခြေခံ၍ အဆင့်မြင့်နည်းပညာများကို သုတေသနပြုခြင်းဖြင့် ရရှိလာသည့် ရလဒ်များကို အသုံးပြုကာ လုံခြုံရေးကဏ္ဍတွင် မူဝါဒများ ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း Integrated Innovation Strategy တွင် ဖော်ပြထားပါသည်။ အဆိုပါ မူဝါဒများကို ကာကွယ်ရေးဝန်ကြီးဌာန အပြင် အခြားသောဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းများတွင်ပါ အသုံးပြုနိုင်ရေး မြှင့်တင်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

တက္ကသိုလ်များနှင့် စီးပွားရေးလုပ်ငန်းများမှ ထူးချွန်သည့် လူသားအရင်းအမြစ်များ အနေ ဖြင့် ထုတ်ကုန်နှင့်ဝန်ဆောင်မှုအသစ်များကို နည်းပညာများအသုံးပြု၍ လျင်မြန်စွာ ထုတ်လုပ်နိုင်

Agribusiness & Trade

ရေး ရည်မှန်းဆောင်ရွက်သွားမည် ဖြစ်ကြောင်းလည်း Integrated Innovation Strategy တွင် ဖော်ပြထားပါသည်။

လူမှုအသိုက်အဝန်းကို အကျိုးဖြစ်ထွန်းစေရန်အတွက် သုတေသနအဖွဲ့အစည်းများမှ ရရှိလာသည့် သတင်းအချက်အလက်များကို အသုံးပြုမည့် "Open Science" မြှင့်တင်နိုင်ရေးနှင့် နောက်ဆုံးပေါ်နည်းပညာများ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဂျပန်-အမေရိကန် ပူးတွဲဖော်ဆောင်မည့် သုတေသနနှင့်ဖွံ့ဖြိုးမှုစင်တာ "Global Startup Campus" တည်ထောင်နိုင်ရေးဆိုင်ရာ စီမံချက်များကိုလည်း အဆိုပါ မဟာဗျူဟာတွင် ထည့်သွင်းဖော်ပြထားပါသည်။

Sources: The Japan News

သူဇာဖြိုး၊ စီးပွားရေးသံမှူး

တိုကျို

........................................................................................

## ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုမှာ ၃ လအတွင်း ပထမဆုံးအကြိမ်ကျဆင်း

ဧပြီလ၌ ဂျပန်နိုင်ငံ၏ ကုန်ထုတ်လုပ်မှုမှာ ၃ လအတွင်း ပထမဆုံးအကြိမ်အဖြစ် ရုတ်တရက် ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။ စက်မှုဝန်ကြီးဌာန၏ မေလ ၃၁ ရက်နေ့ ထုတ်ပြန်ချက်များအရ စက်မှုထုတ်ကုန် ထုတ်လုပ်မှုမှာ လွန်ခဲ့သော ၂ လက ဆက်တိုက်မြင့် တက်ခဲ့သည့်အတွက် ဧပြီလတွင် ၁.၄ ရာခိုင်နှုန်းတိုးတက်နိုင်ကြောင်း စီးပွားရေးပညာရှင်များက ခန့်မှန်းခဲ့သော်လည်း ဧပြီလတွင် ဝ.၄ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။ စက်ရုံသုံးစက်ပစ္စည်းများ၊ သတ္တုပစ္စည်းများ၊ မော်တော်ယာဉ်ထုတ်လုပ်သူများ၏ ထုတ်ကုန်များ ကျဆင်းခဲ့ခြင်းကြောင့် ယခုကဲ့သို့ စက်မှုထုတ်ကုန်ထုတ်လုပ်မှု ကျဆင်းခဲ့ရခြင်းဖြစ်ကြောင်း ဖော်ပြထားပါသည်။

၂၀၂၃ ခုနှစ် ပထမ ၃ လပတ်တွင် စီးပွားရေး ပြန်လည်အားကောင်းလာသည့် ဂျပန်နိုင်ငံအတွက် ယခုကဲ့သို့ ပြည်တွင်းထုတ်လုပ်မှုကျဆင်းလာခြင်းသည် ဂျပန်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအလားအလာကို နှေးကွေးစေနိုင်ကြောင်း ဖော်ပြထားပါသည်။ ယခုကဲ့သို့ ပြည်တွင်းထုတ်လုပ်မှုကျဆင်းလာမည်ကို မျှော်လင့်မထားကြောင်းနှင့် စက်ပစ္စည်းများ၊ လျှပ်စစ်အပိုပစ္စည်းများ၊ စက်ကိရိယာများ ထုတ်လုပ်နိုင်မှုမှာ မျှော်မှန်းထားသည်ထက် သိသိသာသာကျဆင်းခဲ့ကြောင်း **Daiwa Securities** မှ စီးပွားရေးပညာရှင် **Kota Suzuki** မှ ပြော ကြားထားပါသည်။ ထိုသို့ကျဆင်းရခြင်းမှာ အဆိုပါ ကုန်စည်များအပေါ် အမေရိကန်နှင့် ဥရောပအပါအဝင် ကမ္ဘာ့ဝယ်လိုအား ကျဆင်းလာခြင်းကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။

ထို့အတူ စက်မှုဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် အခြားသောအစီရင်ခံစာတွင်လည်း ဧပြီလ၌ လက်လီရောင်းချရမှုမှာ ၅ လအတွင်း ပထမဆုံးအကြိမ် ကျဆင်းခဲ့ကြောင်း ဖော်ပြထားပါသည်။ ဧပြီလတွင် ဂျပန်နိုင်ငံ၏ စက်မှုကုန်ထုတ်လုပ်မှု ရုတ်တရက် ကျဆင်းခဲ့ခြင်းကြောင့် ဒုတိယနှစ်ဝက်တွင် နိုင်ငံ၏ **GDP** မှာ ကျဆင်းနိုင်ကြောင်း ခန့်မှန်းထားကြပါသည်။

ဂျပန်နိုင်ငံ၌ ငွေကြေးဖောင်းပွမှုနှုန်း မြင့်တက်လျက်ရှိခြင်းကြောင့် ယခုနှစ်တွင်လည်း စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအပေါ် ထိခိုက်စေမည်ဖြစ်ကြောင်း **Suzuki** မှ ပြောကြားထားပါသည်။ ဂျပန်နိုင်ငံမှ အိမ်နီးချင်းနိုင်ငံများသို့ ပို့ကုန်တင်ပို့ရမှုမှာလည်း ၅ လဆက်တိုက် ကျဆင်းလျက်ရှိကြောင်းလည်း ဖော်ပြထားပါသည်။

Sources: The Japan Times

သူဇာဖြိုး၊ စီးပွားရေးသံမှူး

တိုကျို

## တတိယအကြိမ် တရုတ်-အာဖရိက ကုန်စည်ပြပွဲကို တရုတ်နိုင်ငံ၊ ဟူနန်ပြည်နယ်မြို့တော် ချန်ရှားတွင် ကျင်းပမည်

တရုတ်နိုင်ငံအလယ်ပိုင်း ဟူနန်ပြည်နယ်၏မြို့တော် ချန်ရှားတွင် ၂၀၂၃ ခုနှစ်၊ ဇွန်လ (၂၉) ရက်နေ့မှ ဇူလိုင် (၂)ရက်နေ့အထိ ကျင်းပမည့် တတိယအကြိမ်မြောက် တရုတ်-အာဖရိက စီးပွားရေးနှင့် ကုန်သွယ်မှုကုန်စည်ပြပွဲသို့ အာဖရိကနိုင်ငံ (၅၀)နှင့် နိုင်ငံတကာအဖွဲ့အစည်း (၈)ခုမှ ကိုယ်စားလှယ်များ တက်ရောက်ရန် စာရင်းသွင်းထားကြောင်း သိရှိရပါသည်။

"Common Development for a Shared Future" ခေါင်းစဉ်ဖြင့်ကျင်းပမည့် အဆိုပါ ပြပွဲတွင် ပတ်ဝန်းကျင်နှင့် သဟာဇာတဖြစ်သည့် အခြေခံအဆောက်အဦများ၊ အကောက်ခွန်နှင့် ကုန်ပစ္စည်းစစ်ဆေးခြင်း၊ ဆေးဝါးနှင့် ကျန်းမာရေး၊ စိုက်ပျိုးရေးနှင့် အစားအသောက်ထုတ်ကုန်များ၊ စက်မှုဥယျာဉ်များ၊ အသက်မွေးဝမ်းကျောင်းပညာနှင့် အခြားအကြောင်းအရာများ ပါဝင်သည့် အစီအစဉ် (၄၀) ကျော် ပါဝင်မည်ဖြစ်ကြောင်း ဟူနန်ပြည်နယ် ကူးသန်းရောင်းဝယ်ရေးဌာန အကြီးအကဲ **Shen Yumou** က ၆-၆-၂၀၂၃ ရက်နေ့တွင် သတင်းစာရှင်းလင်းပွဲတစ်ခု၌ ပြောကြားခဲ့ကြောင်း သိရှိရပါသည်။

ကုန်စည်ပြပွဲတွင် ဘီနင်၊ ကွန်ဂို၊ မာဒါဂါတ်စကာ၊ မါလာဝီ၊ မော်ရိုကို၊ မိုဇမ်ဘစ်၊ နိုင်ဂျီးရီးယားနှင့် ဇမ်ဘီယာတို့မှ Countries of Honour အဖြစ် ပါဝင်ပြသမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြပွဲအတွင်း၌ တရုတ်-အာဖရိက ကုန်သွယ်မှုအညွှန်းကိန်းကို ပထမဆုံးအကြိမ် ထုတ်ပြန်မည်ဖြစ်ပြီး အာဖရိကနိုင်ငံများနှင့် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီးပွားရေးလုပ်ငန်းများအနေဖြင့် အညွှန်းကိန်းအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်တွင် စတင်ကျင်းပခဲ့သည့် ကုန်စည်ပြပွဲသည် တရုတ်နှင့် အာဖရိကနိုင်ငံများအကြား စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှု အားကောင်းလာစေရန်အတွက် အဓိကစင်္ကြံတစ်ခုဖြစ်ကြောင်းလည်း သိရှိရပါသည်။

၂၀၁၉ ခုနှစ်နှင့် ၂၀၂၁ ခုနှစ်တို့တွင် ကျင်းပခဲ့သည့် ကုန်စည်ပြပွဲသို့ တရုတ်နှင့် အာဖရိကနိုင်ငံများမှ စီးပွားရေးလုပ်ငန်းများ၊ စီးပွားရေးဆိုင်ရာအသင်းအဖွဲ့များနှင့် ငွေကြေးအဖွဲ့အစည်းပေါင်း (၁,၀၀၀)ကျော် တက်ရောက်ခဲ့ကြပြီး ပူးပေါင်းဆောင်ရွက်ရေးစီမံကိန်းများနှင့် သဘောတူညီချက် စုစုပေါင်း (၂၁၆)ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း သိရှိရပါသည်။

Source: [https://www.chinadaily.com.cn/a/202306/06/WS647ef24ca31033ad3f7bac68.html](https://www.chinadaily.com.cn/a/202306/06/WS647ef24ca31033ad3f7bac68.html)

ကေခိုင်ကျော်၊ စီးပွားရေးသံမှူး
နန်နင်း

.....................................................................................................................................

**စားနပ် ရိက္ခာဈေးနှုန်းညွှန်းကိန်း (Food Price Index )**

၂၀၂၃ ခုနှစ်၊ မေလအတွက် ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) က စားနပ်ရိက္ခာဈေးနှုန်းညွှန်းကိန်း (Food Price Index ) ကို “FAO Food Price Index declines in May” ခေါင်းစဉ်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အဆိုပါထုတ်ပြန်ချက်တွင် အောက်ပါအချက်များကို အဓိက ဖော်ပြထားပါသည် –

- ကမ္ဘာ့ဈေးကွက်တွင် နံ့စားသီးနှံများ (အထူးသဖြင့် ဂျုံနှင့် ပြောင်းဆံ)၊ ဟင်းသီးဟင်းရွက်ဆီနှင့် ဒိန်ခဲဈေးနှုန်းသတ်မှတ်ချက်များ သိသိသာသာ ကျဆင်းခဲ့ပြီး ဆန်၊ သကြားနှင့် အသားဈေးနှုန်းသတ်မှတ်ချက်များ မြင့်တက်ခဲ့မှုကြောင့် နိုင်ငံတကာစားသောက်ကုန်ဈေးနှုန်းညွှန်းကိန်းသည် ပြီးခဲ့သည့် ဧပြီလထက် ၂.၆ ရာခိုင်နှုန်း ကျဆင်းခဲ့ကာ မေလတွင် ပျမ်းမျှ ၁၂၄.၃ မှတ် ရှိခဲ့ကြောင်း၊
- FAO နံ့စားသီးနံ့ဈေးနှုန်းညွှန်းကိန်းသည် ဝယ်ယူတင်သွင်းမှု နှေးကွေးခဲ့ခြင်းနှင့်အတူ ထုတ်လုပ်မှု အလားအလာကောင်းတို့ကြောင့် ဧပြီလထက် ၄.၈ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ ယင်းတွင် ပြောင်းဆံဈေးနှုန်းမှာ ၉.၈ ရာခိုင်နှုန်းဖြင့် ဈေးနှုန်းကျဆင်းမှု အများ

Agribusiness & Trade

ဆုံးဖြစ်ခဲ့ကြောင်း၊ ဂျုံ ပြည့်လျှံစွာ တင်ပို့နိုင်ခဲ့ခြင်းနှင့် Black Sea Grain Initiative ကို ထပ်မံ သက်တမ်းတိုးမြှင့်နိုင်ခဲ့ခြင်းတို့ကြောင့် ကမ္ဘာ့ဂျုံဈေးနှုန်းမှာလည်း ၃.၅ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊

- ဗီယက်နမ်နှင့် ပါကစ္စတန်နိုင်ငံအပါအဝင် ဆန်တင်ပို့သော နိုင်ငံအချို့တွင် ပြည်ပ ဆန်တင်ပို့မှုကို တင်းကျပ်လိုက်မှုနှင့် အခြားအာရှနိုင်ငံများမှ ဆန်ဝယ်ယူတင်သွင်းမှု ဆက်လက်ရှိနေမှု တို့ကြောင့် နိုင်ငံတကာဆန်ဈေးနှုန်းမှာလည်း ဆက်လက် မြင့်တက်ခဲ့ကြောင်း၊
- FAO ဟင်းသီးဟင်းရွက်ဆီ ဈေးနှုန်းညွှန်းကိန်းသည် မေလတွင် ၈.၇ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ပျမ်းမျှ ၄၈.၂ ရာခိုင်နှုန်းရှိခဲ့ကြောင်း၊ ကမ္ဘာလုံးဆိုင်ရာ ဆီဝယ်ယူတင်သွင်းမှု ကျဆင်းခဲ့ခြင်း နှင့် အဓိက ဆီထုတ်လုပ်သည့်နိုင်ငံများတွင် ဆီထွက်သီးနှံများ အထွက်တိုးမှုကြောင့် ကမ္ဘာ့စားအုန်းဆီဈေးနှုန်းသည်လည်း ပြီးခဲ့သည့် ဧပြီလထက် သိသိသာသာ ကျဆင်းခဲ့ ကြောင်း၊
- ဘရာလ်ဇီးနိုင်ငံတွင် ပဲပုပ်သီးနှံဖြစ်ထွန်းမှုနှင့် အမေရိကန်နိုင်ငံတွင် ပဲပုပ်များ မျှော်လင့် ထားသည်ထက် ပိုမိုသိုလှောင်ထားရှိမှုကြောင့် ကမ္ဘာ့ပဲပိစပ်ဆီဈေးနှုန်းသည် မေလတွင် ဆဌမ မြောက်လအနေဖြင့် ဆက်လက်ကျဆင်းခဲ့ကြောင်း၊ အလားတူ မုန်ညှင်းဆီနှင့် နေကြာဆီ ဈေးနှုန်းများမှာလည်း ကမ္ဘာ့ဈေးကွက်တွင် တင်ပို့မှုမြင့်တက်ခဲ့မှုကြောင့် ဆက်လက်၍ အကျ ဘက်တွင် ရှိခဲ့ကြောင်း၊
- FAO နို့ထွက်ပစ္စည်းများ ဈေးနှုန်းညွှန်းကိန်းသည် ပြီးခဲ့သည့် ဧပြီလကထက် ၃.၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း၊ မြောက်ကမ္ဘာခြမ်းတွင် ရာသီအလိုက် နို့ထုတ်လုပ်မှုမြင့်တက်ခဲ့မှုနှင့် ပြည်ပသို့ ပိုမိုပြည့်လျှံစွာ တင်ပို့နိုင်မှု အလားအလာများ ရှိနေမှုတို့ကြောင့် ကမ္ဘာ့ဒိန်ခဲ ဈေးနှုန်းမှာ သိသိသာသာ ကျဆင်းခဲ့ကြောင်း၊ သို့ရာတွင် နို့မှုန့်နှင့် ထောပတ်များ အတွက် နိုင်ငံတကာဈေးနှုန်းသတ်မှတ်ချက်များမှာ မြင့်တက်ခဲ့ကြောင်း၊
- FAO သကြားဈေးနှုန်းညွှန်းကိန်းသည် ဧပြီလထက် ၅.၅ ရာခိုင်နှုန်း မြင့်တက်ခဲ့ပြီး စတုတ္ထမြောက်လအနေဖြင့် တစ်လချင်း မြင့်တက်ခဲ့ကြောင်း၊ ယင်းသို့ ဈေးနှုန်းမြင့် တက်မှုသည် လာမည့်ရာသီ သီးနှံများတွင် အယ်လ်နီညိုသက်ရောက်မှုအပေါ် စိုးရိမ်မှု မြင့်တက်မှုကြောင့် ကမ္ဘာလုံးဆိုင်ရာ သကြားရောင်းဝယ် ဖောက်ကားမှုများကို ပိုမို တင်းကျပ်လိုက်ခြင်းနှင့် ဘရာလ်ဇီးနိုင်ငံတွင် ပဲပိစပ်နှင့် ပြောင်းဆံတို့ ဈေးယှဉ်ပြိုင် ကစားမှုကြောင့် ပြည်ပတင်ပို့မှု ကြန့်ကြာခဲ့ခြင်းတို့နှင့် ဆက်စပ်နေကြောင်း၊ သို့ရာတွင် ၂၀၂၃ ခုနှစ်တွင် ဘရာဇီးလ်နိုင်ငံ၌ ကြံစိုက်ပျိုးဖြစ်ထွန်းမှု အလားအလာ ကောင်းမွန်မှု နှင့် ကမ္ဘာ့ရေနံစိမ်းဈေးနှုန်း ကျဆင်းခဲ့မှုတို့ကြောင့် ဈေးနှုန်းအဆမတန် မြင့်တက်မှုကို တားဆီးနိုင်ခဲ့ကြောင်း၊

Agribusiness & Trade

- FAO အသားဈေးနှုန်းညွှန်းကိန်းသည် အာရှနိုင်ငံများတွင် ကြက်/ဘဲ အသားများ ဝယ်လို အားမြင့်တက်မှုနှင့် အမေရိကန်နိုင်ငံတွင် ကြက်/ဘဲ အသားတင်ပို့မှုအပေါ် တင်းကျပ် လိုက်မှုကြောင့် ၁.၀ ရာခိုင်နှုန်း ဈေးနှုန်းမြင့်တက်ခဲ့ကြောင်း။

မြန်မာသံရုံး၊
ရောမမြို့

………………………………………………………………………………………………………

Agribusiness & Trade